ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ငရဲသားများအနက်မှပြစ်ဒဏ်အပေါ့ဆုံးသူကို ဤသိုမိန့်တော်မူမည်။

ကမ္ဘာပေါ်တွင်ရှိရှိသမျှအရာများအားလုံးကို

အသင်ပိုင်ဆိုင်ပြီးယင်းပိုင်ဆိုင်မှုအားလုံးနှင့်(ဤပြစ်ဒဏ်ကိုလဲလှယ်၍)လျော်ကြေးပေးမည်‌လော။ ထိုအခါ ယင်းငရဲသားက

လဲလှယ်ပါမည်ဟု ဖြေကြားလိမ့်မည်။

အနတ်စ် ဗင်န် မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကိယာမသ်နေ့တွင်
အလ္လာဟ်အရှင်မြတ်သည် ငရဲသားများအနက်မှ ပြစ်ဒဏ်အပေါ့ဆုံးသူကို
ဤသိုမိန့်တော်မူမည်။ ကမ္ဘာပေါ်တွင်ရှိရှိသမျှအရာများအားလုံးကို
အသင်ပိုင်ဆိုင်ပြီး ယင်းပိုင်ဆိုင်မှုအားလုံးနှင့်(ဤပြစ်ဒဏ်ကိုလဲလှယ်၍)လျော်ကြေးပေးမည်‌လော။ ထိုအခါ ယင်းငရဲသားက လဲလှယ်ပါမည်ဟု
ဖြေကြားလိမ့်မည်။ အရှင်မြတ်က မိန့်တော်မူမည်။ အသင်သည်
အာဒမ်၏ကျောရိုးထဲတွင်ရှိနေစဉ် ငါအရှင်မြတ်သည် အသင့်အား
ဒီထက်ပို၍ပေါ့ပါးသည့်တာဝန်ကို ထမ်းဆောင်ရန်လိုလားခဲ့သည်။ ယင်းတာဝန်မှာ အသင်သည်
ငါအရှင်မြတ်နှင့်ရှိရ်က်တုပယှဥ်တွဲကိုးကွယ်ခြင်းမပြုရန်ဖြစ်သည်။ သို့သော်
အသင်သည် မနာခံဘဲ ငါအရှင်မြတ်နှင့်သာရှိရ်က်တုပယှဥ်တွဲကိုးကွယ်ခဲ့သည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြားထားသည်မှာအလ္လာဟ်အရှင်မြတ်သည် ငရဲသားများအနက်မှ ပြစ်ဒဏ်အပေါ့ဆုံးငရဲသားအားသူငရဲဘုံသို့ကျ‌ပြီးနောက် ဤသိုမေးတော်မူမည်။ကမ္ဘာပေါ်တွင်ရှိရှိသမျှအရာများအားလုံးကို အသင်ပိုင်ဆိုင်ပြီးယင်းပိုင်ဆိုင်မှုအားလုံးကို ဤပြစ်ဒဏ်နှင့် လဲလှယ်၍လျော်ကြေးပေးမည်‌လော။ ထိုအခါယင်းငရဲသားက လဲလှယ်ပါမည်ဟု ဖြေကြားလိမ့်မည်။ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူမည်။အသင်သည် အာဒမ်၏ကျောရိုးထဲတွင်ရှိနေစဉ်အချိန်က ငါအရှင်သည်အသင့်၏အရှင်ဖြစ်‌ကြောင်းယုံကြည်ရန် အသင့်ထံမှ ကတိယူခဲ့ပြီး ငါအရှင်မြတ်သည် အသင့်အားယခုအသင် လဲလှယ်မည်ဟူသော အရာထက်ပင်ပို၍လွယ်ကူသော ကိစ္စကို‌ဆောင်ရွက်ရန်ငါအရှင်သင့်အား အမိန့်ပေးခဲ့သည်။ ၎င်းမှာ အသင်သည်ငါအရှင်မြတ်နှင့်ရှိရ်က်တုပယှဥ်တွဲကိုးကွယ်ခြင်းမပြုရန်ဖြစ်သည်။ သို့သော်ငါအရှင်အသင့်အား လောကီဘဝသို ရောက်စေသောအခါ အသင်သည် အမိန့်မနာခံဘဲအလ္လာဟ်အရှင်မြတ်နှင့်သာရှိရ်က်တုပယှဥ်တွဲကိုးကွယ်ခဲ့သည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee